ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၂) ၂၀၂၅ ခုနှစ် မေလ ၁၆ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ကျောက်မျက်ရတနာဓာတ်ခွဲခန်းများအတွက် လိုက်နာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်းအကြောင်း သိကောင်းစရာ။ | ၂-၅ |
| ၂။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ နှင့် ခရိုင်တရားရုံးများအား စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်း။ | ၆-၈ |
| ၃။ | ဆူဒန်နိုင်ငံက UAE နိုင်ငံအပေါ် စွဲဆိုသည့်လူမျိုးသုဉ်းသတ်ဖြတ်မှုအား ICJ က ပလပ်ခဲ့ခြင်း။ | ၉-၁၀ |
| ၄။ | အမျိုးသမီးအဖြစ်လိင်ပြောင်းလဲထားသူ Sarah McBride ကို Mr. McBride ဟု ခေါ်ဝေါ်သုံးစွဲခဲ့သည့်အတွက် အမေရိကန်နိုင်ငံ House Foreign Affairs Subcommittee ၏ကြားနာပွဲအတွင်း လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း အငြင်းပွားမှုဖြစ်ပွားခြင်း။ | ၁၁-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၂) ၂၀၂၅ ခုနှစ် မေလ ၁၆ ရက်


## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ကျောက်မျက်ရတနာ ခုတ်ခွဲခန်းများအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ခြင်းအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ခုံတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များ ပြင်ဆင်ဖြည့်စွက်ခြင်း အမိန့်ကြော်ငြာစာ၊ ခုံတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ခုံတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များပြင်ဆင်ဖြည့်စွက်ခြင်းအမိန့်ကြော်ငြာစာ၊ ကျောက်မျက်ရတနာခုတ်ခွဲခန်းများအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျောက်မျက်ရတနာခုတ်ခွဲခန်းများအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၀၂၁/၂၀၂၅နှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ်ဖော်ပြအပ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဆိုင်ရာသုတေသနလုပ်ငန်းများနှင့် စံချိန်စံညွှန်းမီခုတ်ခွဲခန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီရန်အလို့ငှာ ကျောက်မျက်ရတနာခုတ်ခွဲခန်းများအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ကျောက်မျက်ရတနာခုတ်ခွဲခန်းတည်ထောင်ဖွင့်လှစ်လုပ်ကိုင်လိုသူသည် ခုတ်ခွဲခန်းတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုထံမှ ခွင့်ပြုချက်သို့မဟုတ် လိုင်စင်ကို လျှောက်ထားရယူပြီးမှသာ မှတ်ပုံတင်လက်မှတ်ရရှိရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လိုအပ်သည့်အချက်အလက်၊ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားလာသည့်အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်ပြီးပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေပြီး ခုတ်ခွဲခန်းမှတ်ပုံတင်စာရင်း စတင်ရေးသွင်းသည့်နေ့မှ သုံးနှစ်ထက်မပိုသည့်သက်တမ်းဖြင့် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်ဖြစ်ပါသည်။

မှတ်ပုံတင်လက်မှတ်ရရှိသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၉၀)အတွင်း လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ တင်ပြ၍ သက်တမ်းတိုးလျှောက်ထားနိုင်ပြီး ခွင့်ပြုသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက မှတ်ပုံတင်လက်မှတ်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

ထို့ပြင် ဤလုပ်ထုံးလုပ်နည်း၌ ကျောက်မျက်ရတနာခုတ်ခွဲခန်းနှင့်ပတ်သက်သည့် စကားရပ်များ၏အဓိပ္ပာယ်များ၊ မှတ်ပုံတင်လက်မှတ်ရရှိထားသည့်ခုတ်ခွဲခန်းများကဆောင်ရွက်ရမည့် ခုတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများအတွက် ဆောင်ရွက်ရန်အချက်များ၊ စစ်ဆေးချက်မှတ်တမ်းတွင်ပါဝင်ရမည့်အချက်များ၊ ခုတ်ခွဲခန်းများက လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များနှင့် စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ ခုတ်ခွဲခန်းစစ်ဆေးချက်မှတ်တမ်းရယူလိုသူက လိုက်နာရမည့်

စည်းကမ်းသတ်မှတ်ချက်များ၊ ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ထားရမည့် အချက်များကို ထည့်သွင်းထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်း၏ဓာတ်ခွဲခန်းတာဝန်ခံကဖြစ်စေ၊ ပညာရှင်တစ်ဦးဦးကဖြစ်စေ၊ ဓာတ်ခွဲခန်းဝန်ထမ်း တစ်ဦးဦးကဖြစ်စေ ဤလုပ်ထုံးလုပ်နည်းပါသတ်မှတ်ချက်များကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းက အခါအားလျော်စွာထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုလည်းကောင်း တိကျစွာ လိုက်နာဆောင်ရွက်ခြင်းမရှိပါက စာဖြင့် သတိပေး အကြောင်းကြားခြင်း၊ ဒဏ်ကြေးပေးဆောင်စေပြီး ဓာတ်ခွဲခန်းကို ဆက်လက်ဖွင့်လှစ်ခွင့်ပြုခြင်း၊ မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ မှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်၍ ဓာတ်ခွဲခန်းအားပိတ်သိမ်းစေခြင်းနှင့် ဓာတ်ခွဲခန်းဖွင့်လှစ်ရန်ရယူခဲ့သည့်ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ အကြောင်းကြားခြင်းစသည့် နည်းလမ်းတစ်ခုခုဖြင့် အရေးယူခြင်းခံရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် မည်သူမဆို ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်လက်မှတ်လျှောက်ထားရယူ ခြင်းမရှိဘဲ ဓာတ်ခွဲခန်းဖွင့်လှစ်၍ ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက မှတ်ပုံတင်လက်မှတ်လျှောက်ထား ရယူရန် တရားဝင်စာဖြင့် အသိပေးအကြောင်းကြားမည်ဖြစ်ပြီး ယင်းသို့အကြောင်းကြားပြီးနောက် ရက်ပေါင်း(၃၀)အတွင်း မှတ်ပုံတင်လက်မှတ်လျှောက်ထားရယူခြင်းမရှိပါက ဤလုပ်ထုံးလုပ်နည်းများ နှင့်အညီ မှတ်ပုံတင်လက်မှတ်ရယူခြင်းမရှိဘဲ ဓာတ်ခွဲခန်းဖွင့်လှစ်ဆောင်ရွက်နေမှုကို တားမြစ်ပေး ပါရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားခြင်းဖြင့် အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ကျောက်မျက်ရတနာခေတ်ခွဲခန်းများအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ကြေညာခြင်းအမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ အသေးစိတ် လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၂) ၂၀၂၅ ခုနှစ် မေလ ၁၆ ရက်

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများအား စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၆-၃-၂၀၂၅ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂၉၆/၂၀၂၅ ကို ထုတ်ပြန်ကြေငြာခဲ့ပါသည်။ အဆိုပါအမိန့်ကြော်ငြာစာအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများသည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃၂ (၁) အရ တင်သွင်းသောလျှောက်လွှာကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာများရရှိကြောင်း တွေ့ရှိရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများသည် တန်ဖိုးကျပ် သိန်း ၅၀၀၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကိုစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများရရှိကြောင်း တွေ့ရှိရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင်တာဝန်ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီးနှင့် တွဲဖက်ခရိုင်တရားသူကြီးများသည် တန်ဖိုးကျပ်သိန်း ၅၀၀၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကိုစီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးများသည် တန်ဖိုးကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကိုစီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း ရရှိမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင်တာဝန်ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီးများသည် မြို့နယ်တရားရုံးက တရားမမူလမှု သို့မဟုတ် မူလမှုခင်းတွင်ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး နှင့် ဒုတိယခရိုင်တရားသူကြီးများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီးကလွှဲအပ်သည့် တရားမအယူခံမှု သို့မဟုတ် ပြင်ဆင်မှုကိုစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများရရှိမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး သို့မဟုတ် ခရိုင်တရားသူကြီးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ညွှန်ကြားချက်နှင့်အညီ မိမိရုံးရှိ အခြားတရားသူကြီးတစ်ဦးဦးအား အမှုများကို စစ်ဆေးစီရင်ရန် လွှဲအပ်နိုင်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး သို့မဟုတ် ခရိုင်တရားသူကြီး ခေတ္တရုံးမထိုင်နိုင်သည့်အခါ ၎င်းက တာဝန်လွှဲအပ်ထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့်တရားသူကြီးသည် အမှုများကို စစ်ဆေးစီရင်ရန် လွှဲအပ်နိုင်ကြောင်း တွေ့ရှိရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး သို့မဟုတ် ခရိုင်တရားသူကြီးသည် မိမိကလွှဲအပ်ထားသောအမှုကို ပြန်လည်တောင်းခေါ်၍ မိမိကိုယ်တိုင် စစ်ဆေးစီရင်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့် အခြားတရားသူကြီးတစ်ဦးအား စစ်ဆေးစီရင်ရန်အတွက် လွှဲအပ်ခြင်း လုပ်ပိုင်ခွင့်များကျင့်သုံးနိုင်ကြောင်း တွေ့ရှိရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးများသည် မိမိစီရင်ပိုင်ခွင့်

ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်း တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်နိုင်သည့်အပြင် မိမိ၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသောအမှုကို စီရင်နိုင်ကြောင်း တွေ့ရှိရပါသည်။

ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက် ( ၁၃၈၇ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်) မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၀၃၀/၂၀၂၀)ကို ဤအမိန့်ကြော်ငြာစာ အကျိုးသက်ရောက်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။

ပြစ်မှုဆိုင်ရာအယူခံ၊ပြင်ဆင်စိစစ်ရေးဌာနခွဲ<br>
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် https://www.unionsupremecourt.gov.mm

## ဆူဒန်နိုင်ငံက UAE နိုင်ငံအပေါ်စွဲဆိုသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုအား ICJ က ပလပ်ခဲ့ခြင်း

ICJ သည် ဆူဒန်နိုင်ငံက ၎င်းနိုင်ငံ၏ပြည်တွင်းစစ်ဖြစ်ပွားနေမှုအပေါ် ပါဝင်ပတ်သက်နေသည့် လက်နက်ကိုင်တပ်ဖွဲ့ Rapid Support Forces (RSF) အား လက်နက်နှင့်ငွေကြေးထောက်ပံ့ခြင်းဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကွန်ဗန်းရှင်းအား ဖောက်ဖျက်သည့် UAE နိုင်ငံအပေါ် စွဲဆိုသည့်အမှုအား ပလပ်သည့်အမိန့် ချမှတ်ခဲ့ပါသည်။

အဆိုပါအမှုတွင် စီရင်ချက်ချမှတ်ရာ၌ ဥက္ကဋ္ဌဖြစ်သူ Judge Yuji Iwasawa က UAE သည် Genocide Convention တွင် လက်မှတ်ရေးထိုးထားသော်လည်း Article IX ပါ interpretation and application of the Convention နှင့် စပ်လျဉ်းသည့် အငြင်းပွားမှုအပေါ်စီရင်ပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အား reservation ပြုလုပ်ထားကြောင်း၊ ထို့အတွက် တရားရုံးတွင် အမှုကြားနာခြင်းအား အဟန့်အတားဖြစ်စေကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ပြင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်တစ်ခုမှာလည်း ဆူဒန်အနောက်ပိုင်းတွင်နေထိုင်သည့် Masalit လူမျိုးအပေါ် ရက်ရက်စက်စက် လူမျိုးသုဉ်းသတ်ဖြတ်သည့်ပြုလုပ်မှုများဖြင့် စွဲဆိုသော်လည်း ဆူဒန်နိုင်ငံသည် UAE က RSF အပေါ် ထိန်းချုပ်ကြောင်း သို့မဟုတ် ကွန်ဗန်းရှင်းအားဖောက်ဖျက်မှုအတွက် တိုက်ရိုက်တာဝန်ရှိကြောင်း လုံလောက်စွာဖော်ပြထားခြင်းမရှိကြောင်း၊ တရားရုံးက ၎င်းတို့၏ဆုံးဖြတ်ချက်သည် အမှု၏ကောင်းကျိုး သို့မဟုတ် General List တွင်ရှိသော အပြီးသတ်စီရင်ပိုင်ခွင့်ကို ထိခိုက်မှုမရှိစေရန် အလေးထားကြောင်း ဖော်ပြခဲ့ပါသည်။

ဆူဒန်နိုင်ငံက Article IX အရ စီရင်ပိုင်ခွင့်အား ကိုးကားမှီငြမ်းသော်လည်း ဥပဒေရေးရာ ကျွမ်းကျင်သူများက UAE ၏ reservation ကြောင့် အခက်အခဲရှိနိုင်သည်ဟု ခန့်မှန်းခဲ့ကြကြောင်း၊ တရားရုံး၏ဆုံးဖြတ်ချက်တွင်လည်း ဆူဒန်၏တောင်းဆိုမှုများအပေါ် မဖော်ပြထားကြောင်း၊ UAE နိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဌာနဘက်မှ အရာရှိ Reem Ketait က တရားရုံးက ၎င်းတွင်စီရင်ပိုင်ခွင့် မရှိသည့်အတွက် အမှုကိုရှေ့ဆက်မသွားသင့်ဟု ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ် မတ်လတွင် RSF အပေါ် ထောက်ပံ့ပေးခြင်းကိုရပ်စဲသည့်အမိန့်နှင့် Masalit လူမျိုးအပေါ် နောက်ထပ်ရက်စက်ကြမ်းကြုတ်မှုများမပြုလုပ်ရန် UAE အပေါ် provisional measures ချမှတ်ပေးရန် ဆူဒန်နိုင်ငံက ICJ သို့ လျှောက်ထားတင်ပြခဲ့ပါသည်။

ဆူဒန်နိုင်ငံ၏ပဋိပက္ခသည် ဆူဒန်လူမျိုးများနှင့် RSF တို့အကြား အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တင်းမာမှုဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ် ဧပြီလတွင် စတင်ခဲ့ခြင်းဖြစ်ပါသည်။ နှစ်ဖက်စလုံးမှာ လူ့အခွင့်အရေးများကို ပြင်းထန်စွာကျူးလွန်ခဲ့ကြကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

http://www.jurists.org/news/2025/05/icj-dismisses-sudan-genocide-case-against-uae-over-civil-war-implication/

## အမျိုးသမီးအဖြစ်လိင်ပြောင်းလဲထားသူ Sarah McBrideကို Mr. McBride ဟု ခေါ်ဝေါ်သုံးစွဲခဲ့သည့်အတွက် အမေရိကန်နိုင်ငံ House Foreign Affairs Subcommittee ၏ ကြားနာပွဲအတွင်း လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း အငြင်းပွားမှုဖြစ်ပွားခြင်း

ကမ္ဘာတစ်ဝန်းတွင် ယောက်ျား၊ မိန်းမ၊ လိင်မကွဲပြားသူ၊ လိင်ပြောင်းလဲထားသူစသည့် အသုံးအနှုန်းများကို တိုးမြှင့်အသုံးပြုလျက်ရှိရာ လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ဝိသေသလက္ခဏာကို လိုက်၍ လူမှုပတ်ဝန်းကျင်မှ ထိုသူများအားကျား-မအဖြစ် ခွဲခြားခေါ်ဝေါ်သတ်မှတ်ရာတွင် ခလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှု သို့မဟုတ် တရားဥပဒေအရ လက်မခံသည့်အခြေအနေများကို ရင်ဆိုင်ကြရသည်များရှိပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့က အမေရိကန်နိုင်ငံကွန်ကရက် House Foreign Affairs Subcommittee ၏ကြားနာပွဲတွင် ကော်မတီဥက္ကဋ္ဌဖြစ်သော Republican ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် Keith Self က အမျိုးသားမှ အမျိုးသမီးအဖြစ် လိင်ပြောင်းလဲထားသူ Delaware ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် Sarah McBride ကို Mr. McBride ဟု အသိအမှတ်ပြုကြောင်း ပြောကြားသဖြင့် လွှတ်တော်ကိုယ်စားလှယ် Bill Keating က ထိုသို့ Mr. ဟု ခေါ်ဝေါ်ခြင်းမှာ သင့်မြတ်ရဲ့လားဟု ပြန်လှန်မေးခွန်းထုတ်ရာမှ အငြင်းပွားမှုဖြစ်ပွားခဲ့ပါသည်။ Sarah McBride မှာ အမေရိကန်လွှတ်တော်တွင် ပထမဆုံးရွေးကောက်တင်မြှောက်ခံခဲ့ရသည့် လိင်ပြောင်းလဲထားသူဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် Bill Keating က အမေရိကန်ပြည်ထောင်စုက တရားဝင်ရွေးကောက်တင်မြှောက်ထားသည့်လွှတ်တော်ကိုယ်စားလှယ်အား ၎င်းလက်ရှိပြောင်းလဲထားသည့် လိင်အရမှန်ကန်သောနည်းလမ်းဖြင့် ခေါ်ဝေါ်ခြင်းမပြုပါက အတူတကွဆက်လက်လုပ်ဆောင်နိုင်မည် မဟုတ်ကြောင်းပြောကြားခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် Keith Self က ကြားနာပွဲအား ရက်ရွှေ့ဆိုင်းကြောင်းချက်ချင်းကြေညာခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ် Keith Self က ယင်းသို့ ခေါ်ဝေါ်ရခြင်းမှာ binary(ကျားနှင့်မ)ကိုသာအသိအမှတ်ပြုသည့် အမေရိကန်ပြည်ထောင်စု၏မူဝါဒကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် nonbinary ကို ဥပဒေအရ အသိအမှတ်ပြုထားခြင်းမရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏မွေးဖွားစဉ်ကရှိသည့်လိင်အရ ယောကျ်ား၊ မိန်းမဟု မွေးရာပါလိင်သတ်မှတ်ချက်အတိုင်းသာ အသိအမှတ်ပြုထားပါသည်။ ယနေ့ခေတ် လူမှုအဖွဲ့အစည်းတွင် လိင်စိတ်ခံယူမှုအမျိုးမျိုး ပေါ်ပေါက်လျက်ရှိရာ လူမှုပတ်ဝန်းကျင် သို့မဟုတ် တရားဥပဒေအရ လက်မခံသည့်အခြေအနေမျိုးတွင် လူ့အခွင့်အရေးနှင့်စပ်ဆိုင်သည့်ပြဿနာများ၊ ကျား-မအခြေပြုအကြမ်းဖက်မှုခင်းများနှင့် ကြုံတွေ့ရလျက်ရှိကြောင်း သိရှိရပါသည်။

တရားမစွဲမှုဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားဖော်ပြချက် https://www.reuters.com/video/watch/idRW807411032025RP1/
https://www.usip.org/gender-burmese/chapter-2-defining-gender

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

